# တအာင်းဒေသတွင် အကြမ်းဖက်စစ်ကောင်စီမှ ၅ လ အတွင်း လေကြောင်းတိုက်ခိုက်မှု အခြေအနေ

၁။ မိတ်ဆက်ခြင်း(နိဒါန်း)

၂။ လေကြောင်းတိုက်ခိုက်မှုအခြေအနေ

၃။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လူထုသေဆုံး၊ ဒဏ်ရာထိခိုက်မှု အခြေအနေဇယား

၄။ ပူးတွဲ လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ

- နောင်ချို စိန်ရတနာဘုန်းကြီးကျောင်းရှိ သံဃာတော်များနှင့်ပြည်သူ အများအပြား ထိခိုက်သေဆုံးခြင်းဖြစ်စဉ်
- ရပ်စောက် လေကြောင်းဗုံးကြဲခြင်းကြောင့် ဒေသခံ ၃ ဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်

၅။ အချက်အလက်ကောက်ခံသည့်နည်းလမ်းများ

၆။ နိုင်ငံတကာသို့ တောင်းဆိုချက်များ

၇။ နိဂုံးချုပ်

## ***၁။ မိတ်ဆက်ခြင်း***

အကြမ်းဖက်စစ်ကောင်စီမှ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ အနယ်နယ်အရပ်ရပ်မှ ပြည်သူလူထုများ နည်းမျိုးစုံဖြင့် အကြမ်းဖက်ခံရသည့်အပြင် အိုးအိမ်များ စွန့်ခွာနေရခြင်းနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများစွာ ရင်ဆိုင်ကြုံတွေ့နေရသည်။ နိုင်ငံအတွင်းရှိပြည်သူများလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်အတူ အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) စတင်ပြီး စစ်အာဏာရှင်ကို တော်လှန်ခဲ့ကြပါသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် ညီနောင်မဟာမိတ် (၃)ဖွဲ့ဖြစ်သည့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော်-TNLA၊ မြန်မာအမျိုးသား ဒီမိုကရက်တစ်မဟာမိတ်တပ်မတော်-MNDAA၊ ရက္ခိုင့်တပ်တော်-AA တို့ပူးပေါင်းပြီး ၁၀၂၇ စစ်ဆင်ရေး ပထမလှိုင်း၊ ဒုတိယလှိုင်းစတင်ပြီး ရှမ်းမြောက်ရှိ မြို့ပေါင်းများစွာ သိမ်းပိုက်နိုင်ခဲ့ပါသည်။ ထို့ကြောင့် အဖက်ဖက်မှ စစ်ရေးရှုံးနိမ့်နေသည့် အကြမ်းဖက်စစ်ကောင်စီမှ ရှမ်းပြည်နယ်မြောက်ပိုင်းသာမက မြန်မာနိုင်ငံအနှံ့အပြားတွင် လေကြောင်းဖြင့် ပေါင်(၅၀၀)ဗုံးနှင့် အဆိပ်ငွေ့ဗုံးများနှင့် လေယာဉ်စက်ပစ်သေနတ် အသုံးပြုပြီး ပြည်သူလူထုအား ဦးတည်တိုက်ခိုက်နေပါသည်။

အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်သည့် နေရာအများစုသည် စစ်ပွဲ ဖြစ်ပွားခြင်းမရှိသည့် မြို့တွင်း၊ ဈေး၊ ဆေးရုံ၊ သာသနာ့အဆောက်အအုံ၊ စာသင်ကျောင်းနှင့် ကျေးရွာများတို့ပင်ဖြစ်သည်။ တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီမှ တစ်ဖက်သတ် လက်နက်ကြီး ပစ်ခတ်ခြင်း၊ လေယာဉ်နှင့်ဒရုန်းများ အသုံးပြုပြီး ဗုံးကြဲခြင်းတို့ကြောင့် ပြည်သူလူထု၏ အသက်အိုးအိမ်အတွက် စိန်ခေါ်မှုကြီးတစ်ခုဖြစ်နေသည့်အပြင် လုံခြုံမှု ကင်းမဲ့နေပါသည်။

သို့ဖြစ်၍ တအာင်းအရပ်ဖက်အဖွဲ့အစည်းမှ စုပေါင်းပြီး အကြမ်းဖက်စစ်ကောင်စီမှ တအာင်း ဒေသအတွင်း လေကြောင်းအသုံးပြုသည့်အခြေအနေ၊ လူထုသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရှိခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို စုစည်းပြီး ထုတ်ပြန်ခြင်းဖြစ်သည်။ တအာင်းဒေသအတွင်းရှိ ပြည်သူလူထုများသည် အာဏာမသိမ်းမီကတည်းက အကြမ်းဖက်စစ်ကောင်စီ၏ နည်းမျိုးစုံဖြင့် ညှဉ်းပမ်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးခြင်း၊ မုဒိမ်းမှုပြုကျင့်ခြင်းစသည့် လူ့အခွင့်အရေးချိုးဖောက်မှု များစွာ ခံနေရသော်လည်း ထုတ်ဖော်ခြင်း အားနည်းသည့်အပြင် မီဒီယာအခန်းကဏ္ဍအားနည်းခဲ့ ခြင်းကြောင့် အချက်အလက်များ ဒေသတွင်းသာ တိမ်မြုပ်နေခြင်းကြောင့် ၅ လတာအတွင်း ရှမ်း/မြောက်တွင် ဖြစ်ပွားသည့် လေကြောင်းတိုက်ခိုက်မှုများကို ဦးတည်ပြီး နိုင်ငံတကာမှ သိရှိနိုင် ရန်အတွက် ရည်ရွယ်ကာ ဤစာတမ်းကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

## ***၂။ လေကြောင်းတိုက်ခိုက်မှုအခြေအနေ***

ရှမ်းပြည်မြောက်ပိုင်းတွင် ညီနောင်မဟာမိတ် (၃) ဖွဲ့ စတင်သည့် ၁၀၂၇ စစ်ဆင်ရေးကာလမှ စ၍ အကြမ်းဖက်စစ်ကောင်စီမှ ယနေ့အချိန်ထိ လေကြောင်းဖြင့် ဆက်တိုက်အသုံးပြုပြီး ပြည်သူလူထုအား ဦးတည် တိုက်ခိုက်မှုလုပ်နေပါသည်။ အောက်ပါအချက်အလက်များသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ (၅)လတာအတွင်းတွင် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်း အသုံးပြုပြီး တအာင်းဒေသအတွင်း ဦးတည်တိုက်ခိုက်မှု အခြေအနေနှင့် ပြည်သူလူထု သေဆုံးခြင်း၊ ထိခိုက်ခြင်း အခြေအနေ ဖြစ်ပါသည်။


အကြမ်းဖက်စစ်ကောင်စီသည် လူစုလူဝေးနှင့် အများပြည်သူပိုင် အဆောက်အဦးများဖြစ်သည့် ဆေးရုံ၊ စာသင်ကျောင်း၊ ဘာသာရေးအဆောက်အအုံ၊ ဈေးသို့ ဦးတည်ပြီး တိုက်ခိုက်မှု လုပ်ဆောင် နေပါသည်။ အထူးသဖြင့် တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (PSLF/TNLA) ထိန်းချုပ်ထားသည့် နောင်ချို၊ မိုးကုတ်၊ ကျောက်မဲ၊ မိုင်းငေါ့၊ မိုင်းလုံ၊ မန်တုံမြို့နယ်တို့ကို ဗုံးကြဲတိုက်ခိုက်မှု မကြာခဏ လုပ်ဆောင်နေပါသည်။ တအာင်းအရပ်ဖက်အဖွဲ့အစည်းများမှ ကောက်ခံစုစည်း ထားသည့်အချက်အလက်များအရ မြို့နယ်**(၆)**မြို့တွင် လေကြောင်း တိုက်ခိုက်မှုပေါင်း (၇၂) ကြိမ် ရှိပြီး သေဆုံးသူ ၆၆ ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၉၄ ဦး ၊ ကလေးထိခိုက်မှု ၂၇ ဦး ရှိပြီး စုစုပေါင်း ၁၈၇ ဦး ရှိခဲ့ပါသည်။ ထို့အပြင် လေကြောင်းတိုက်ခိုက်မှုကြောင့် ဒေသခံ

ပြည်သူနေအိမ်ပေါင်း ၁၅၇ အိမ် နှင့် ဆေးရုံ ၂ ခု၊ စာသင်ကျောင်း ၅ ကျောင်းနှင့် ဘုန်းကြီးကျောင်း ၆ ကျောင်း ပျက်စီးဆုံးရှုံးခဲ့ရသည်။


**<u>၃။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လူထုသေဆုံး၊ ဒဏ်ရာထိခိုက်မှု အခြေအနေဇယား</u>**

| စဉ် | လ | တိုက်ခိုက်မှု အကြိမ်ရေ | ဒဏ်ရာရသူ | | သေဆုံးသူ | | ကလေး သေဆုံးမှု | | ကလေး ထိခိုက်မှု | |
|---|---|---|---|---|---|---|---|---|---|---|
| | | | က | မ | က | မ | က | မ | က | မ |
| ၁။ | ဇန္နဝါရီ | ၁၂ ကြိမ် | ၁၉ | ၁၃ | ၂၂ | ၁၃ | - | - | ၁ | ၁ |
| ၂။ | ဖေဖော်ဝါရီ | ၉ ကြိမ် | ၂၂ | ၅ | ၁၀ | | - | - | - | - |
| ၃။ | မတ် | ၇ ကြိမ် | ၁၀ | ၂ | ၉ | ၄ | ၆ | - | ၁၅ | ၁ |
| ၄။ | ဧပြီ | ၁၂ ကြိမ် | ၆ | ၂ | ၁ | | - | - | - | - |
| ၅။ | မေ | ၃၂ ကြိမ် | ၁၁ | ၄ | ၅ | ၂ | ၁ | ၂ | - | - |
| **စုစုပေါင်း** | | **၇၂ ကြိမ်** | **၆၈** | **၂၆** | **၄၇** | **၁၉** | **၇** | **၂** | **၁၆** | **၂** |


***<u>၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ပြည်သူလူထု အဆောက်အအုံ ထိခိုက်ပျက်စီးမှုပြဇယား</u>***




***<u>၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ လေကြောင်းအသုံးပြုပြီး တိုက်ခိုက်မှု ပြဇယား</u>***




***<u>၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ပြည်သူလူထု ထိခိုက်သေဆုံးမှု ပြဇယား</u>***




***<u>၄။ ပူးတွဲလူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များ</u>***

**<u>(က)နောင်ချို၊ စိန်ရတနာဘုန်းကြီးကျောင်းရှိ သံဃာတော်များနှင့်ပြည်သူ အများအပြား ထိခိုက်သေ ဆုံးခြင်း ဖြစ်စဉ်</u>**



မတ်လ ၁၆ ရက်နေ့ ၂၀၂၅ ခုနှစ်တွင် နောင်ချိုမြို့နယ် စိန်ရတနာပရိယတ္တိစာသင်တိုက်ဘုန်းကြီးကျောင်းဝန်း အတွင်းတွင် မည်သည့် လက်နက်ကိုင်အဖွဲ့မှ မရှိသော်လည်း စကစမှ လေကြောင်း အသုံးပြုကာ ဗုံးကြဲတိုက်ခိုက်မှုကြောင့် သံဃာတော်နှင့် ပြည်သူလူထု (၁၀) ဦး သေဆုံးခဲ့ပြီး ၂၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အမည်မဖော်လိုသည့် ဦးဇင်းတစ်ပါးမှ *"ဘုန်းကြီးကျောင်းမှာ ဗုံး ၃ လုံးလာကြဲသွားတယ်၊ ကျောင်းဆောင်လဲ အများကြီးပျက်တယ်။ ကျောင်းအပြင်ဘက်မှာ ခြင်းလုံးဆော့နေတဲ့ ကိုရင်တွေလည်းထိသွားတာ။ သေသွားတဲ့သူတွေလဲသေတယ်။ ဒဏ်ရာရတဲ့သူတွေလည်းများတယ်။ တခြားဒေသခံတွေ လည်းထိတယ်။"* ဟု ပြောခဲ့သည်။

ထိုထိခိုက်သေဆုံးသူများသည် ကိုရင် ၅ ပါး၊ ဦးဇင်း ၂ ပါး ပျံလွန်တော်မူသွားပြီး အမျိုးသမီး ၂ ဦး၊ အမျိုးသား ၁ ဦး စုပေါင်း ၁၀ ဦး သေဆုံးခဲ့သည့်အပြင် ရဟန်း-သံဃာတော် ၁၆ ပါးနှင့် အမျိုးသား ၁ ဦး၊ အမျိုးသမီး ၃ ဦးတို့လည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်ဟု ထိုဦးဇင်းထံမှ ထပ်မံသိရှိရပါသည်။



*"ဘုန်းကြီးကျောင်းဘေးမှာ ဘယ်စစ်တပ်မှ နေတာမရှိဘူး။ ဒီတိုင်းပဲ လာကြဲချသွားတယ်။ စစ်သေနတ် နဲ့ ပစ်တယ်လို့ ကြားတယ်။ ကျမက ကျောင်းမှာ ဘုန်းကြီးကိုလာပင့်တာ ရောက်တာနဲ့ ဗုံးလာကြဲတယ်။ ကျမလည်း ဘယ်ဘက်နားတွေ ရောပါးတွေရော၊ခေါင်းရော၊ ဘယ်ခြေထောက်နဲ့လက် ထိကုန်တာ၊ အဲ့ဒီနေ ရာတွေမှာ ဒဏ်ရာရတယ်။ ခြေထောက်နဲ့ခေါင်းကို အစဝင်သွားလို့ ကျမ ခွဲစိတ်ခန်းဝင်ရတယ်။ ကျောင်းထဲမှာက ထိခိုက်မှုများတယ်။ နေရာအနှံ့ လာကြဲတယ်။ သေတာ ၁၀ ဦးပေါ့။ ဒဏ်ရာရတဲ့သူလည်းများတယ်။ သေတဲ့သူတွေကို နောက်မှပဲ လာကြည့်ရတယ်။ လောလောနဲ့ ဒဏ်ရာရတဲ့သူတွေကို ဘေးကင်းတဲ့နေရာမှာ ဦးစားပေးခေါ်ရတယ်။ ကျောင်းဆောင်တွေလည်း သိမ် တစ်ခုကလွဲပြီး ကျန်တာ အကုန်ပျက်စီးတယ်"* ဟု ထိခိုက်ဒဏ် ရာရရှိသည့် မမြ (အမည်လွှဲ)မှ ပြောပါသည်။

**<u>ဖြစ်စဉ် (ခ) ရပ်စောက် လေကြောင်းဗုံးကြဲခြင်းကြောင့် ဒေသခံ ၃ ဦး သေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်</u>**

ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ရှမ်းပြည်နယ် တောင်ပိုင်း ရပ်စောက်မြို့နယ် ကျောက်ဂူ ကျေးရွာအုပ်စု လွယ်ဟောင် ကျေးရွာအတွင်း အကြမ်းဖက်စစ်ကောင်စီမှ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဒေသခံ(၃)ဦး သေဆုံးခဲ့ပြီး (၁၀) ဦး ဒဏ်ရာရရှိခဲ့သည်။



*"သူတို့က အိမ်တစ်အိမ်ထဲမှာစုပြီး နေကြတာ။ လေယာဉ်သံကြားတော့ ထွက်ပြေးလိုက်တာနဲ့ လေယာဉ်ကလည်း သူတို့အိမ်ရှေ့မှာပဲ ပစ်ချလိုက်တာ နှစ်ယောက်ကတော့ တောင်ကြီးဆေးရုံမှာ ဆေးကုခဲ့ရတယ်။ ကျန်တဲ့သူတွေက ဒဏ်ရာမ ပြင်းလို့ ရွာမှာပဲဆေးကုတာ။ အဲထဲက တစ်ယောက်တော့ ပိုက်ဆံမတတ်နိုင်လို့ ရွာမှာပဲ ကုလိုက်တာ။ တစ်နှစ်အရွယ် ကလေး (၁) ယောက်ကတော့ ဒဏ်ရာ သက်သာသွားပြီး"* ဟု ကျောက်ဂူဒေသခံ အမျိုးသားတစ်ဦးမှ ပြောပြခဲ့သည်။

ဒဏ်ရာရရှိသော ဒေသခံများကို ဓနုအမျိုးသားလွတ်မြောက်ရေးတပ်မတော် (DPLA)မှ လွယ်ဟောင်ကျေးရွာတွင် ဆေးကုသပေးခဲ့ပြီး ဒဏ်ရာပြင်းထန်နေသည့် အသက် ၃၀နှစ်အရွယ် အမျိုးသမီး တစ်ဦးနှင့် အသက် ၁၄နှစ်အရွယ် ကလေးငယ်တစ်ဦးအား တောင်ကြီးဆေးရုံတွင် ဆေးကုသမှုခံယူနေရကြောင်း သိရှိရသည်။

*"ရွာမှာက (၇)ယောက် ကျန်ခဲ့တယ် (၆)ယောက်တော့ ဒဏ်ရာရတာ သိပ်မများဘူး၊ အင်းတောမှာ (၁)ယောက်၊ တောင်ကြီးမှာ (၂)ယောက် ဆေးကုနေကြတယ်"* ဟု ထိုအမျိုးသားမှ ထပ်မံပြောဆိုသည်။ ငွေကြေးအခက်အခဲကြောင့် ဒဏ်ရာပြင်းထန်သော ကိုထမာသည် ဆေးရုံသို့ သွားရောက်ကာ မကုသနိုင်သဖြင့် သူတို့ကျေးရွာတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့်သာ ဆေးကုသမှု ခံယူခဲ့သည်။

## ၅။ ***<u>အချက်အလက်ကောက်ခံသည့်နည်းလမ်းများ</u>***

တအာင်းအရပ်ဖက်အဖွဲ့အစည်းများမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများကို ပုံမှန်မှတ်တမ်းများပြုစုပြီး ထုတ်ပြန်ခြင်း၊ အစီရင်ခံစာထုတ်ခြင်း၊ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခြင်းများ ဆက်တိုက်လုပ်ဆောင်လာခဲ့ပါသည်။ ယခုစာတမ်းအကျဉ်းချုပ်ပါ အချက်အလက် များကို မြေပြင်အထိ ကွင်းဆင်းပြီး ကာယကံရှင်၊ မျက်မြင်သက်သေ၊ ပြည်သူလူထုအား တွေ့ဆုံမေးမြန်းခြင်းနှင့် ဖုန်းဖြင့်သော်လည်းကောင်း၊ အွန်လိုင်းဖြင့်သော်လည်းကောင်း အချက်အလက်များကို ကောက်ခံခဲ့ပါသည်။

## ၆။ နိုင်ငံတကာသို့ တောင်းဆိုချက်များ

- တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ တစ်ဖက်သတ်လေကြောင်းတိုက်ခိုက်ခြင်းကို ရပ်တန့်ပေးရန်။
- လူထုများစုဝေးရာနေရာများ၊ စာသင်ကျောင်းများ၊ ကျန်းမာရေးဆေးပေးသည့်နေရာများ၊ သာသာရေးအဆောက်အအုံများ၊ ဈေးများ ဦးတည်တိုက်ခိုက်ခြင်း ရပ်တန့်ပေးရန်။
- နိုင်ငံတကာအဖွဲ့အစည်းများမှ စစ်ရာဇ၀တ်မှုများ ကျူးလွန်နေသည့် အကြမ်းဖက် စစ်ကောင်စီကို ထိထိရောက်ရောက်အပြစ်ပေးအရေးယူဆောင်ရွက်မှု ပြုလုပ်ပေးရန်။
- အိမ်နီးချင်းနိုင်ငံများမှ အကြမ်းဖက်စစ်ကောင်စီထံ လက်နက်ပစ္စည်းများရောင်းချ ပေးနေသည်ကို ရပ်တန့်ပေးရန်။
- နိုင်ငံတကာစာချုပ်များမှ တားမြစ်ပိတ်ပင်ထားသည့် ဓာတုလက်နက်ပစ္စည်းများကို အသုံးပြုခြင်းမှ ရပ်တန့်ရန်။
- ICJ တရားသူကြီးမှ မင်းအောင်လှိုင်အား ဖမ်းဝရမ်းထုတ်ရန် ICC သို့ လွှဲပြောင်းခြင်းအပေါ် လက်ခံပေးပြီး အမြန်ဆုံးလက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်ပေးရန်။

## ၇။ နိဂုံးချုပ်

ဤစာတမ်းသည် ဇန်နဝါရီလ မှ မေလအထိ ၅ လတာအတွင်း ရှမ်း/မြောက်တွင် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းသုံးတိုက်ခိုက်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပါသည်။ ရှမ်း/မြောက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများစွာရှိသည့်အတွက်ကြောင့် အာဏာပိုင်များမှ အရပ်သားပြည်သူများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု များစွာရှိသည့်အနက် အကြမ်းဖက်စစ်ကောင်စီမှ လေကြောင်းသုံးတိုက်ခိုက်မှုကိုသာ ပဏာမထားကာ ထုတ်ပြန်လိုက်ခြင်း ဖြစ်ပါသည်။

**တအာင်းအရပ်ဖက်အဖွဲ့အစည်း**

**Ta'ang Civil Society Network-TSCN**

**ဆက်သွယ်ရန်**

**Signal +959 253 780217  +959 403 877 690**